

# သိုးခေါင်း

မိုး မိ သော အိမ် မက် များ

# နိဒါန်း

မိုးတွေ ဝုန်းဒိုင်းကျဲရွာနေသော ညတစ်ည။

ကြီးမားသော အိမ်ကြီးတစ်လုံးတွင်းမှ အော်ဟစ်သံနှစ်သံကို ကြားနေရသည် ။ တစ်သံက အဖွားအိုကြီး တစ်ယောက်ရဲ့ အသံ၊ နောက်တစ်သံက ကလေးမလေးတစ်ယောက်ရဲ့ အသံ။

အိမ်ကြီး၏ အိမ်ရှေ့တံခါးကို အဖွားကြီးက ဝုန်းခနဲ ဆွဲဖွင့်လိုက်သည် ။ ရေစက်တွေ အိမ်ထဲ ဖွားခနဲ လာစင်သည် ။

"ဖွားဖွား . . . ဘာလုပ်မလို့ "

"ဟီးဟီးဟီး . . . ညည်း ဘာမှ မမေးနဲ့ လာစမ်း"

အဖွားကြီးက ကြောက်မက်ဖွယ်ကောင်းအောင် ရယ်ပြီး ကောင်မလေးကို အတင်းဆွဲခေါ်သွားသည် ။

အပြင်မှာ မိုးသည်းနေ၏။

မိုးရေထဲသို့ ကောင်မလေးကို တွန်းလွှတ်လိုက်သည် ။ တွန်းအားကြောင့် အရှိန်မထိန်းဘဲ ကောင်မလေး လဲပြိုသွားသည် ။

အဖွားကြီးက ပါးစုံကြီးနှစ်ဖက်ကို ပြဲအောင်ရယ်ရင်း . . .

"ညည်း မိုးရေထဲ နေခဲ့၊ ညည်းချမ်းနေတာကိုငါကြည့်မယ်"

အဖွားကြီးက အိမ်ကြီးထဲ ပြန်ဝင်ကာ အိမ်တံခါးကိုဝုန်းခနဲ

ပိတ်လိုက်သည် ။ မိုးသံတွေကြောင့် တံခါးပိတ်သံက သိပ်ကျယ်လောင်မသွား။ ကောင်မလေး လဲနေရာက ထပြီး အဖွားကြီးနောက် အတင်းပြေးလိုက်၏။ ဒါပေမယ့် မမှီလိုက် . . .

တံခါးကို တဒုန်းဒုန်းထုကာ ကလေးမလေး အော်ငိုနေသည် ။

"ဖွားဖွား . .. တံခါးဖွင့်ပေးပါ"

"ဖွားဖွား . . . တံခါးဖွင့်ပေးပါ"

ကလေးမလေးက အော်ပေမယ့် တံခါးက ပွင့်မလာ။

အဖွားကြီးက အိမ်အပေါ်ထပ် ဂရုံတာမှ ကောင်မလေးကို ငုံ့ကြည့်ပြီးသွားအိုကြီးများ ပေါ်အောင် တဟီးဟီးရယ်နေသည် ။

"ဟီးဟီးဟီးဟီး . ."

"ဖွားဖွားသမီးကို အိမ်ထဲ ဝင်ခွင့်ပေးပါ"

"ဟီးဟီးဟီးဟီး . ."

"ဖွားဖွားသမီးကြောက်တယ်၊ သမီးကို အဲ့လိုမလုပ်ပါနဲ့ "

"ဟီးဟီးဟီးဟီး . ."

လျှပ်ပြက်သောအခိုက် အဖွားကြီးသွားများက ကြောက်စရာကောင်းလောက်အောင် လင်းလက်သွားသည် ။ မိုးတွေကလည်း ဘာကိုမှန်းမသိ စိတ်ဆိုးမာန်ဆိုးဖြင့် ဝုန်းဒိုင်းကျဲ ရွာသွန်းနေသည် ။

အေးစက်သော မိုးရေတွေကြားမှာ ကလေးမလေး တဖြည်းဖြည်း အချမ်းလွန်လာသည် ။ နောက်ဆုံး မျက်ဖြူလန်ကာ မေ့မျောသွားလေတော့သည် ။

ဂရုံတာမှ အဖွားကြီးသည် လည်း တပြိုင်တည်းဆိုသလို တဟီးဟီး ရယ်နေရာမှ အရုပ်ကြိုးပြတ် ခွေလဲကျသွားတော့သည် ။



မယုံရင်နေ၊ မစော်ကားနဲ့ . . .

မယုံရင်နေ၊ မလှောင်ပြောင်နဲ့ . . .

ကောင်းကင်ဆိုတာ . . .

. . . .

. . . . . . . . . .

အပေါ်က မိုးပြီး ငါတို့ ကို ငုံ့ကြည့်နေတဲ့ အရာလေ . . .။

* * *

၁

စင်ပေါ်ကဆိုနေသည့် သီချင်းကြောင့်လည်း ပူလောင်သည် ။ အပြင်က ရာသီဥတု အခင်းကျင်းကြောင့်လည်း ပူလောင်သည် ။ ရင်ထဲက အကြောင်းအရာကြောင့်လည်း ပူလောင်နေသည် ။

သူမကို ဖွင့်ပြောမည့်အရေး သူငယ်ချင်းတွေကို လင်းနေ အားကိုးတကြီး တိုင်ပင်နေမိသည် ။ ဘီယာဆိုင်ကလည်း ညနေခင်းနှင့်လျော်ညီစွာ အေးအေးလူလူ စကားပြောလို့ မရအောင် ဆူညံပွက်လောရိုက်နေသည် ။

“ဟော့ကောင်တွေ ငါ့ကိုကြည့်ဦး”

လင်းနေ အော်လိုက်သည် ။ သူငယ်ချင်းသုံးယောက်အနက် ဆွေဦးတစ်ယောက်ပဲ စွေကြည့်လာသည် ။ ကျန်တဲ့ ကောင်တွေက စင်ပေါ်က ကီးချော်ရုံမဟုတ် ပေါင်ပါပေါ်အောင် ဆိုနေသည့် အဆိုရှင်ကောင်မလေးကိုပဲ ကြည့်နေသည် ။ သူ့ကို လားလားမျှ ဂရုမစိုက်။ ဒီလိုဆိုတော့ give & take သဘောတရားအရ လင်းနေ တင်းလာရသည် ။

“အေး . . . မင်းကို အဲ့ဒါပဲ ငမ်းနေမယ်ဆို ငါဒိုးတော့မယ်၊ ဒီဝိုင်းလည်း ကိုယ့်ဟာကိုယ် ရှင်းလိုက်ကြတော့”

“ဟမ် . . ”

“ဟေ..”

“အဲ .. သူငယ်ချင်း ဘာပြောမလို့ လဲ ပြောလေကွာ...”

ဒီတော့မှ မျက်ခွက်တွေ၊ ခေါင်းတွေ နှာခေါင်းတွေ သူ့ဘက်ပြန်လှည့်လာသည် ။ ထထွက်သွားဖို့ ပြင်နေသော သူ့ကိုလည်း အတင်းဆွဲထိုင်ခိုင်းလိုက်ကြ၏။

“မင်းကလည်း စိတ်ချည်းပဲ”

“ဆိတ်တင်မကဘူး .. ကြက်ဆာတေးတွေလည်း မှာ ထားတယ်၊ အမြည်းတွေကျ အစုံမှာ တယ်. . ငါ့စကားကျ ဘယ်ကောင်မှ သောက်ဖတ်မလုပ်ကြဘူးလေ”

“အေးအေး .. လုပ်မယ် .. ပြောပြော”

“ပြောပြီးပြီလေ”

“ဟင် .. အခုမှ အာရုံစိုက်မလို့ ဟာ၊ ပြန်ပြောပြပါ သူငယ်ချင်းရာ . .နော်”

လင်းနေ တစ်ခေါက်ပြန်ပြောရဦးမည်။ ပြည်ပြောရမည်ဆိုတော့ မျက်လုံးထဲမှာ ချစ်စရာကောင်းသည့် မှ ည့်ကလေးနှင့် မိန်းမပျိုကိုခံစားလိုက်ရ၏။ မြင်ယောင်ရုံနှင့် ရင်ခုန်စေသည့် မိန်းကလေးကြောင့် သူ့နှုတ်ခမ်းတွေပြုံးလာသည် ။

“ငါ ဆုကို အတိအလင်းဖွင့်ပြောသင့်ပြီလို့ ထင်တယ်ကွ၊ အဲ့ဒါ ငါဘယ်လိုလုပ်ရမလဲ .. ဘယ်လို ဖွင့်ပြောသင့်လဲ”

သော်ကြီးက လင်းနေကို ဆွေဦးလို စွေမကြည့်ဘဲ တည့်တည့်ကြည့်ကာ...

"ဘာလဲ . . မင်းအချစ်ရေးကို ငါတို့ က မြန်မာဗွီဒီယိုတွေထဲက ဇာတ်ရံတွေလို အားကျိုးမာန်တက်စဉ်းစား ပေးရမယ်ပေါ့လေ ဟုတ်လား . ."

"မင်းကလည်း ကွာ . . ဇာတ်ရံတွေ အဓိကတွေ မရှိပါဘူး ကိုယ့်သူငယ်ချင်းကိစ္စပဲ မင်းတို့ ကလည်း . .. တစ်ဝိုင်းကြီးတောင် တိုက်ထားရတဲ့ ဥစ္စာ"

"အေးပါ . . ငါတို့ ကလည်း ထူးထူးခြားခြား ဘီယာသောက်ဖို့ မင်းလာခေါ်တည်းက တစ်ခုခုလို့ တော့ ထင်ထားပြီးသားပါ . .. "

"ထင်ထားပြီးသားဆိုတော့လည်း ပိုကောင်းတာပေါ့ . . လုပ်ဦး ဆုကို ဘယ်လိုဖွင့်ပြောရင် ကောင်းမလဲ၊ ငါ့စိတ်ထဲမှာ တော့နှေးနှေးညှေ့ညှေ့ မလုပ်ချင်တော့ဘူး . . မနက်ဖြန်လောက်ကို ဖွင့်ပြောဖို့ စဉ်းစားထားတယ် . . ."

"လွယ်ပါတယ်ကွာ . .. ပန်းကုံးစွပ်လိုက်"

"ဟင် . . ."

ခန့်တည် အကြံပေးတာပါ။

လင်းနေ မျက်နှာရှုံ့မဲ့သွားရင်း . . .

"ဘာကို ပန်းကုံးစွပ်ရမှာ လဲ"

"အော် . . အေး . . ဆောရီး . . စင်ပေါ်က ကောင်မလေးကို ပန်းကုံးစွပ်ချင်တာနဲ့ ရောသွားလို့ . . .ပန်းစည်းပေးလိုက်လို့ ပြောတာ၊ သူ သင်တန်းအထွက် . . သူ့ရှေ့ဘွားခနဲ ခုန်ဝင်ပြီး ပန်းစည်းပေးလိုက်"ရိုးလွန်း၏။ ခန့်တည်ပေးတဲ့ အကြံကလည်း သမားရိုးကျထက် နည်းနည်းမှ မပို။ ဘာဆွဲဆောင်မှုမှ မရှိ။ လင်းနေ

ခန့်တည်ကို အလိုမကျ တစ်ချက်ကြည့်ပြီးမှ သော်ကြီးဘက်လှည့်တော့ . .

"ဒါဆို . . ဘောက်ဆူးပေးလိုက်ကွာ . . ."

"ဟေ . . ."

"အော် . . . အေး . . . ငါ စင်ပေါ်က ကောင်မလေးကို ဘောက်ဆူးပေးချင်တာနဲ့ ရောသွားလို့ . .၊ ဒီလိုကွာ . . တိရစ္ဆာန်အကောင်လေးတစ်ကောင် လက်ဆောင်ပေးလိုက်၊ ဆုက တိရစ္ဆာန် ချစ်တတ်တာ မင်းအသိပဲ၊ ပြီးတော့ မင်းနဲ့ ဆု စခင်တော့လည်း အဲဒီလို အကောင်ပလောင်တွေကြောင့်ပဲ စခင်တာလေ၊ အဲဒါကြောင့် အကောင်လေးတစ်ကောင်လောက် လက်ဆောင်ပေးပြီး ချစ်ရေးဆိုလိုက်"

လင်းနေ နည်းနည်းပြုံးသွားသည် ။ သော်ကြီးခေါင်းကမှ မဆိုး။ ဘယ်ဘက်ဦးနှောက် အလုပ်လုပ်သေးသည် ဟု ထင်ရသည် ။ ထို့ကြောင့် လင်းနေ ထပ်မံအားကိုတကြီးဖြင့် မေးလိုက်သည် ။

"အဲ့တော့ ငါက ဘာအကောင်ပေးရမလဲ"

"တောက်တဲ့ "

"ဟင် . ."

"တောက်တဲ့ လေ. .၊ တောက်တဲ့ က ကပ်ပြီးရင် တော်တော်နဲ့ မကွာဘူးကွ၊ မိုးကြိုးပစ်မှ ကွာတာ . . အဲတော့ . . . မင်းအချစ်တွေကလည်း သူ့ကိုယ်ပေါ်မှာ တောက်တဲ့ လို မခွာတမ်း ကပ်တွယ်နေမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ကွာ"

ဘေး နား မှာ တောက်တဲ့ ရှိရင် သော်ကြီးပါးစပ်ထဲသာ

ပစ်ထည့်လိုက်ချင်တော့သည် ။ ကိုယ့်ချစ်သူကိုပေးမယ့်လက်ဆောင်က တောက်တဲ့ . .တဲ့ ။ ဒါကြောင့် ဒီကောင်တွေ တစ်ကောင်မှ ရည်းစားမရတာ။

အခြေအနေ အချိန်ခါနဲ့ ဦးနှောက်အနေအထားတွေအရ ဆက်ထိုင်နေရင် အာရုံနှောက်တာကလွဲပြီး ပိုထူးလာမည်မဟုတ်မှန်းသိလိုက်ရသည် ။ လွန်ခဲ့သောဆယ်စုနှစ်များ ဆီကအတိုင်းဒီကောင်တွေ ဦးနှောက်မှာ ဖွံ့ဖြိုးမလာခဲ့။ ဆရာတင်မိတာကိုက ကိုယ့်အမှားပင်။ ထို့ကြောင့် ပိုက်ဆံတစ်ချို့ကိုထုတ်ကာ . . .

"အလကားပဲ . . . သူများ တိုက်တာ ထိုင်သောက်ဖို့ ကလွဲပြီး ခုချိန်ထိ မင်းတို့ ဘာမှ အားကိုးလို့ မရဘူး၊ အဲတော့ . . . ငါကလည်း မင်းတို့ ကို တစ်ဝိုင်းစာမတိုက်နိုင်ဘူး၊ သနားသောအားဖြင့် တစ်ဝက်ဖိုးတော့ ရှင်းပေးခဲ့မယ်၊ ကျန်တာမင်းတို့ ဘာသာကြုတ်ကြပ်လိုကြတော့ . . .

"ဟာ . . ဟေ့ကောင် . ."

"လင်းနေ . . မလုပ်နဲ့ လေ"

ပြောပြောဆိုဆို ထောင်တန်အချို့ စားပွဲပေါ်ပစ်တင်ပြီး ထွက်ခဲ့လိုက်သည် ။ နောက်ဖက်မှ အော်ဟစ်တားမြစ်သံများကို ကြားရ၏။ လှည့်ကြည့်မနေတော့ . . .

တန်ရာတန်ရာပဲကောင်းသည် လေ . . .။

* * *